## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၁၈–၁–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ သာစည်–စပါးရင်းတွင်း လမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သား မြို့နယ်ရှိ အမှတ်(၂) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၏ **တန့်ဆည်မြို့နယ်၊ သပြေရင်း–ရွာမ–ရွှေကူလမ်းပေါ်ရှိ ညောင်ဖီးကုန်းတံတားကို ကွန်ကရစ်တံတား (၁) စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **မကွေးမြို့နယ်အတွင်းရှိ သမိုင်းဝင် ကွေ့ချောင်းခံတပ်သို့ အဆင်ပြေချောမွေ့စွာ သွားရောက်လေ့လာနိုင်ရန် ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **ပင်လုံမြို့မှ ပန်မုန့်ကျေးရွာ အုပ်စု နောင်ဟိုင်းရွာသွားလမ်း ဝမ်အင်ဘုန်းတော်ကြီးကျောင်း အထိ မြေသားလမ်း (၂)မိုင်ခန့်အား ကတ္တရာလမ်း သို့မဟုတ် ကျောက်အမာခံ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ရေဂလုပ်၊ ကျားကိုက်ချောင်း၊ ချောင်ကြီး၊ ဘုရားကြီးကုန်း၊ ဆင်ကူး ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။